**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

ကြေညာချက်အမှတ်( ၁ /၂၀၂၃)

**၂၀၂၀ ပြည့်နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးတွေ့ရှိချက်ရလဒ်များအား**
**ထုတ်ပြန်ကြေညာခြင်း**
**၁၃၈၅ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁)ရက်**
**(၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၃ ရက်)**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ၁၁(ဃ)နှင့် ၃၈(ဃ)တို့အရ ၂၀၂၁ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် မတ်လအထိ ရန်ကုန်စတော့အိပ်ချိန်း(YSX)အား ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား စတုတ္ထအကြိမ်အဖြစ်လည်းကောင်း ၂၀၂၀ ပြည့်နှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့အား စစ်ဆေးခဲ့ပါသည်။

၂။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ စစ်ဆေးမှုရလဒ်အပေါ် ပြန်လည်ရှင်းလင်းဖြေကြားချက်များကိုလည်း လက်ခံရရှိခဲ့ပြီး စည်းမျဉ်းစည်းကမ်းဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်–

**ရန်ကုန်စတော့အိပ်ချိန်း**

- AML/CFT မဟာဗျူဟာရည်မှန်းချက်များနှင့်အညီ လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းသဘောသဘာဝအရ AML/CFT ဆိုင်ရာ ကာကွယ်ရေးစည်း (၃)ခုဖြင့် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဌာနတွင်းစာရင်းစစ်အဖွဲ့အားခန့်အပ်ရန် လိုအပ်ခြင်း၊
- AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအကဲဖြတ်ဆန်းစစ်ချက်အား တစ်နှစ်တစ်ကြိမ် ကော်မရှင်သို့ တင်ပြရန် လိုအပ်ခြင်း၊
- Business Continuity Plan(BCP)ရေးဆွဲရန် လိုအပ်ခြင်း၊
- ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဌာနတွင်း မူဝါဒများချမှတ်ရန်လိုအပ်ခြင်း၊
- ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ ဌာနတွင်းမူဝါဒများချမှတ်ရန်လိုအပ်ခြင်း၊

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ**

- ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၂၈(ခ)နှင့် ကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) အပိုဒ်(၁၀)အရ အချို့ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် စည်းမျဉ်းစည်းကမ်းလိုက်နာရေးအရာရှိ(Compliance Officer)ခန့်အပ်ရန်လိုအပ်ခြင်း၊
- AML/CFTဆိုင်ရာ လုပ်ငန်းစဉ်များပိုမိုအားကောင်းစေရန် စည်းမျဉ်းစည်းကမ်းလိုက်နာရေးအရာရှိနှင့် ဌာနတွင်းစာရင်းစစ်တို့အား သီးခြားစီတာဝန်ပေးအပ်ရန် လိုအပ်ခြင်း၊
- ဝန်ထမ်းများအား AML/CFTဆိုင်ရာ သင်တန်းများပို့ချမှုအား မှတ်တမ်းအဖြစ်ထိန်းသိမ်းရာတွင် သင်တန်းကျင်းပပြုလုပ်သည့် ဓါတ်ပုံမှတ်တမ်းများထားရှိရန်လိုအပ်ခြင်း၊
- ကော်မရှင်မှ ထုတ်ပြန်ထားသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် ဆုံးရှုံးနိုင်မှုအခြေခံသော စီမံခန့်ခွဲမှုလမ်းညွှန်ချက်နှင့်အညီ စိစစ်ဆောင်ရွက်ရန်နှင့် ကော်မရှင်သို့ တစ်နှစ်တစ်ကြိမ်ပုံမှန်အစီရင်ခံစာ တင်ပြရန်လိုအပ်ခြင်း၊
- စာရင်းဖွင့်လျှောက်လွှာများတွင် ကော်မရှင်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၃/၂၀၁၆)နှင့် (၂/၂၀၂၀)ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊ လုပ်ငန်းတာဝန်များအား စနစ်တကျခွဲဝေဆောင်ရွက်ရန်နှင့် ဘဏ်စာရင်းအချက်အလက်များအား စိစစ်ရာတွင် ပူးတွဲဘဏ်စာရင်းဖွင့်လှစ်သူသည် Insider List ၌ ပါဝင်ခြင်း ရှိ-မရှိ အလေးထားစိစစ်ရန် လိုအပ်ခြင်း၊
- ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းစည်းမျဉ်းများတွင် ကော်မရှင်မှအခါအားလျော်စွာထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ ၊ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့် ရန်ကုန်စတော့အိပ်ချိန်းမှ ထုတ်ပြန်ခဲ့သည့် လုပ်ငန်းစည်းမျဉ်းများနှင့်အညီ ထည့်သွင်းပြင်ဆင်ရန် လိုအပ်ခြင်း၊
- နိုင်ငံခြားသားများလက်ခံဆောင်ရွက်သည့် ဌာနတွင်းမူဝါဒတွင် ကော်မရှင်မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီလိုက်နာရန် လိုအပ်ခြင်း၊
- Financial Manual ပြုစုရာတွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေများ၊ နည်းဥပဒေ ၅၆နှင့် ၅၈ အရ စာရင်းစစ်အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာတင်ပြရမည့်ရက်နှင့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆) အပိုဒ် ၈ အရ ဘဏ္ဍာနှစ်တစ်နှစ်ကုန်ဆုံးချိန်၌ နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၂.၅% အား အရေးပေါ်သီးသန့်ရန်ပုံငွေအဖြစ် စုဆောင်းထားရှိရန်အား ထည့်သွင်းဖော်ပြရန် လိုအပ်ခြင်း၊
- စာရင်းဝင်ကုမ္ပဏီများ၏ အတွင်းသတင်းအချက်အလက်များရရှိနိုင်သော ဒါရိုက်တာများ အရောင်းအဝယ်ဆောင်ရွက်ပါက ဒါရိုက်တာအဖွဲ့မှ အတည်ပြုထားသည့် အထောက်အထားတောင်းခံရယူရန်နှင့်ကော်မရှင်မှထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊လမ်းညွှန်ချက်များနှင့်

အညီဌာနတွင်း စည်းမျဉ်းစည်းကမ်းများချမှတ်ရန်လိုအပ်ခြင်း၊

- အစိုးရငွေချေးသက်သေခံလက်မှတ်များ အရောင်းအဝယ်ဆောင်ရွက်ရာတွင် ဌာနတွင်း လက်စွဲမှုများချမှတ်ရန် လိုအပ်ခြင်း၊

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်